## အင်္ဂလိပ်တို့.တိုင်းပြည်မှာ (နိဒါန်း)

ဟိုးလွန်ခဲ့တဲ့ ၇ နှစ်ကျော် ဆောင်းဦးရာသီတစ်ခုမှာ ကျွန်မဟာအင်္ဂလန်နိုင်ငံကို ကိုယ်သင်ချင်တဲ့ ပညာရပ်တစ်ခုကို သင်ယူရင်း ဘဝသစ်တစ်ခုကို စတင်ဖို့ ပို့စ်မောက်တက္ကသိုလ်ကြီးရဲ့မျက်နှာ တစ်ရွာထင်ပြီး ရင်ခုန်ခြင်းများစွာနဲ့ တစ်ယောက်တည်း ရောက်လာခဲ့ပါတယ်။ အစားကောင်းစားရရင် ချစ်တဲ့သူတွေကို သတိရတတ်တယ်ဆိုတဲ့စကားအတိုင်း ရောက်တဲ့နေ့ကစပြီး အခုအချိန်အထိ နိစ္စဓူဝ တွေ့ကြုံကြားသိနေရတဲ့ အတွေ့အကြုံ ဗဟုသုတတွေကို ကိုယ့်အမိမြေဆီ ပြောပြချင်စိတ်၊ သိစေချင်တဲ့စိတ်ဟာ စရောက်တဲ့ နေ့ကတည်းက ပြင်းပြင်းထန်ထန်ပေါ်ပေါက်ကိန်းအောင်းနေခဲ့ပါတယ်။ အင်္ဂလန်နိုင်ငံဆိုတာ တချိန်ကနေမဝင်အင်ပါယာကို ထူထောင်နိုင်ခဲ့သလို လက်ရှိမှာလည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေတဲ့နိုင်ငံတစ်ခုမို့ သူတို့ရဲ့စနစ်၊ လုပ်ပုံကိုင်ပုံ၊ အတွေးအခေါ် အယူအဆ၊ အကျင့်အကြံတွေဟာ ကိုယ့်နိုင်ငံအတွက် လိုအပ်တဲ့နေရာမှာ ယူသုံးတတ်မယ်ဆိုရင် နိုင်ငံတည်ဆောက်ရေး၊ တိုးတက်ရေးမှာ သိပ်ကို အသုံးဝင်အကျိုးရှိမယ်လို့ ယူဆတာမို့ 'အင်္ဂလိပ်တို့.တိုင်းပြည်မှာ'ဆိုတဲ့ အခန်းဆက်ဆောင်းပါးတွေ ရေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီဆောင်းပါးတွေမှာ အင်္ဂလန်နိုင်ငံရဲ့ အခြေခံပညာရေးစနစ်၊ တက္ကသိုလ်ပညာရေးစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် စီမံခန့်ခွဲမှုစနစ်၊ လူမှုဖူလုံရေး ကာကွယ်စောင့်ရှောက်မှုစနစ်၊ ပို့ဆောင်ရေးစနစ် စတာတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို နေ့စဉ်ကြုံတွေ့ရတဲ့ ကိုယ်တွေ့အဖြစ်အပျက်တွေနဲ့ ပေါင်းစပ်ပြီး ပေ့ါပေ့ါပါးပါးပုံဖော်ရေးသားသွားဖို့ရှိပါတယ်။

## အင်္ဂလိပ်တို့.တိုင်းပြည်မှာ (၁)

အင်္ဂလိပ်တို့.တိုင်းပြည်မှာ (၁) အဖြစ် ချစ်စွာသောစာဖတ်သူများအားလုံးကို အင်္ဂလန်ပြည်တောင်ပိုင်း ဟမ့်ရှိုင်းယားနယ်ထဲက ရွာကလေးတစ်ရွာမှာရှိတဲ့ အခြေခံပညာ အထက်တန်းကျောင်းလေးတစ်ကျောင်းဆီ အလည်ခေါ် သွားချင်ပါတယ်။ ဒီကျောင်းကလေးရှိတဲ့ ရွာကလေးဟာ ပို့စ်မောက်မြို့ရဲ့ အရှေ့မြောက်ယွန်းယွန်း ၆ မိုင် ခွဲ အကွာ၊ ပို့စ်မောက်-လန်ဒန် ကားလမ်းမကြီးနံဘေးမှာ တည်ရှိပါတယ်။ ကုန်းမြင့်တောင်တန်းလွင်ပြင်ကြီးပေါ်မှာ တည်ရှိနေတဲ့ ဒီရွာကလေးကနေ လှမ်းမျှော်ကြည့်လိုက်ရင် တောင်ဖက်ဆီက ဟိုးအဝေးပင်လယ်ပြင်ကြီးကို ခပ်ပျပျစီးမြင်ရပါတယ်။

ကျွန်မဟာ အင်္ဂလန်ကို တက္ကသိုလ်တက်ဖို့ ရောက်လာခဲ့ပေမယ့် ကံကောင်းလှစွာ အင်္ဂလန်ရဲ့ အခြေခံပညာသင်ကြားရေးစနစ်ကို တစွန်းတစလေ့လာနိုင်မယ့် အခွင့်အရေးတစ်ခုရခဲ့ပါတယ်။ ပို့စ်မောက်တက္ကသိုလ်မှာ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) တက်ရင်း တက္ကသိုလ်အစီအစဉ်နှင့် အဲဒီကျောင်းကလေးမှာ သင်ကြားရေးလက်ထောက်ဆရာမအဖြစ် ခေတ္တအလုပ်လုပ်ခွင့်ရခဲ့တာပါ။ အင်္ဂလန်မှာ ဒီနေ့ခေတ်လူလတ်ပိုင်း မျိုးဆက်တွေဟာ စနစ်ကောင်းတစ်ခုအောက်မှာ ကောလိပ်ပြီးတာနဲ့ မိမိနှစ်သက်ရာ အလုပ်အကိုင် တစ်ခုခုကို ပုံမှန်လုပ်ကိုင်နေရင် လူလတ်တန်းစားဘဝနဲ့ အိုးပိုင်အိမ်ပိုင် ငြိမ်းချမ်းစွာနေထိုင်ရင်း ကမ္ဘာပတ်ခရီးသွားနိုင်ကြတာမို့ တက္ကသိုလ်ဆက်တက်ပြီး အဆင့်မြင့်ပညာသင်ယူသူတွေ လျော့နည်းလာတာရယ်၊ တဖက်မှာလည်းဆရာလုပ်လိုတဲ့ လူဦးရေလျော့နည်းလာတာရယ် အဲဒီပြဿနာနှစ်ခုအတွက် ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ပစ်မယ့် အစီအစဉ်အဖြစ် တက္ကသိုလ်ကျောင်းသူကျောင်းသားတွေကို ကျောင်းအားရက်အချို့မှာ အခြေခံပညာကျောင်းတွေဆီ လက်ထောက်ဆရာအဖြစ် သွားရောက်လုပ်ကိုင်ဖို့ စီစဉ်ပေးတာပါ။

ဒီအစီအစဉ်အရ လုပ်ချင်တဲ့သူတွေဟာ တက္ကသိုလ်မှာ စာရင်းပေးပြီးလျှောက်၊ ပြီးရင် တက္ကသိုလ်ကပို့ချပေးတဲ့ ညနေခင်းသင်တန်း ၂ ရက် လောက်တက်၊ ပြီးရင်ကိုယ့်ကိုနေရာချထားပေးတဲ့ ကျောင်းက ကျောင်းအုပ်ကြီးကိုဆက်သွယ်၊

ကိုယ်လုပ်နိုင်မယ့်ရက်( အတန်းအားတဲ့ရက်) ကို အဲဒီကျောင်းက ဘာသာရပ်ဆိုင်ရာခေါင်းဆောင်ဆရာနဲ့ ညှိ၊ ပြီးရင်ညှိထားတဲ့ရက်အတိုင်း အဲဒီကျောင်းမှာ သွားလုပ်ရုံပါပဲ။ ဒီအစီအစဉ်ရဲ့ ရည်ရွယ်ချက်ကတော့ အခြေခံပညာကျောင်းက ကလေးတွေဟာ သူတို့ဆီခေတ္တရောက်လာတဲ့ တက္ကသိုလ်ကျောင်းသားအကိုကြီးအမကြီးတွေကို ကြည့်.ရင်း သူတို့ရဲ့ တက္ကသိုလ်ကျောင်းသားဘဝအတွေအကြုံတွေ၊ ကျောင်းပြီးရည်မှန်းချက်တွေကို နားထောင်ရင်း တက္ကသိုလ်တက်ချင်စိတ်တွေပေါ်လာအောင်၊ တဖက်ကလည်း ဒီ တက္ကသိုလ် ကျောင်းတော်သူ/သားကြီးတွေထဲက တချို့ဟာ ကျောင်းဆရာဘဝကို ခေတ္တတွေ့ကြုံလိုက်ရာကနေ နှစ်သက်သွားကြမယ်ဆိုရင် ဘွဲ့ရကျောင်းပြီးတဲ့အချိန်မှာ ဆရာလုပ်ဖို့ရွေးချယ်သွားနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။

လက်ထောက်ဆရာလုပ်အားခအဖြစ် တစ်ရက်ကို ပေါင် ၄၀ ရပါတယ်။ ကျွန်မလုပ်ခဲ့တဲ့ ကျောင်းဟာ မနက်၈နာရီခွဲကျောင်းတက်ပြီး နေ့လယ် ၂ နာရီခွဲမှာ ကျောင်းဆင်းပါတယ်။ ကျွန်မဟာ မြန်မာပြည်မှာ အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ရခဲ့ပေမယ့် အင်္ဂလိပ်တို့တိုင်းပြည်မှာ အင်္ဂလိပ်ကလေးတွေကို အင်္ဂလိပ်စာသင်လို့မဖြစ်ချေတော့ ( သင်မယ်ဆိုဘယ်လိုဖြစ်မလဲ စဉ်းစားသာကြည့်ပါလေ) ငယ်စဉ်ကကျောင်းမှာ သင်္ချာဆိုရင် အမြဲ အမှတ် ၁၀၀ ရအောင် ကြိုးစားတတ်တဲ့၊  ဆယ်တန်းမှာ သင်္ချာ ၉၈ မှတ်နဲ့ အောင်ခဲ့တဲ့ ကျွန်မ သင်္ချာဆရာမလုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ပို့စ်မောက်-လန်ဒန်သွား လမ်းမကြီးကနေ ၅ မိနစ်လောက်အတွင်းဖက်ကို ချိုးကွေ့ဝင်လိုက်ရင် အနောက်ဖက် နဲ့ တောက်ဖက်မှာ တင်းနစ်ကွင်း ဘောလုံးကွင်းတွေ ပါဝင်တဲ့ မြေပြန့်မြက်ခင်းပြင်ကျယ်ကြီးရဲ့ နံဘေးမှာတည်ရှိတဲ့ ကျောင်းကလေးကို ရောက်ပါပြီ။ ကျောင်းကို ရောက်ရောက်ချင်း ပထမဆုံးသတိထားမိတာက ကျောင်းအဝင်ခန်းမဆောင်ကြီးထဲမှာ ညော့်ကြိုကောင်တာနဲ့ ညော့်ကြိုဂန်ထမ်းတွေရှိနေတာကိုပါ။ ခန်းမဆောင်ကြီးရဲ့ လေးဖက်လေးတန်နံရံပတ်ပတ်လည်မှာတော့ သူတို့ကျောင်းကလေးရဲ့ လုပ်ရှားမှုတွေ၊ အောင်မြင်မှုတွေကို ဓတ်ပုံတွေဝေဝေဆာဆာနဲ့ ဂုဏ်ယူစွာ ချိတ်ဆွဲပြသထားပါတယ်။ ဒီကျောင်းကလေးဟာ ၁၉၃၀ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာပါတဲ့။ ကျောင်းမှာ ကျောင်းသားစုစုပေါင်း ၁၀၀၀ ကျော် ဆရာဆရာမပေါင်း ၆၀ ကျော် အခြား စီမံခန့်ခွဲရေး ဝန်ထမ်း ၃၅ ယောက်ခန့် ရှိတယ်ဆိုတာကို ဒီခန်းမဆောင် နံရံပေါ်က အချက်အလက်တွေအရ သိလိုက်ရပါတယ်။ အချိုးချကြည့်ရင် ကျောင်းသား ၁၇ ယောက်မှာ ဆရာ ၁ ယောက်နှုန်း ရှိတာကိုတွေ့ရပါတယ်။ ခန်းမဆောင်ကြီးကနေ စာသင်ခန်းတွေဆီသွားမယ့် ကော်ရစ်ဒါ အကွေ့နားလေးက နံရံတစ်ခုမှာတော့ ကျောင်းကဆရာဆရာမတွေရဲ့ ပတ်စ်ပို့စတိုင် ဓတ်ပုံနဲ့ နာမည်တွေတွဲပြထားတဲ့ ပိုစတာကြီးတစ်ချပ်ရှိပါတယ်။ အဲဒီပိုစတာကြီးထဲမှာ ကျောင်းအုပ်ကြီးရဲ့ပုံကို အောက်နားကျကျဒေါင့်တစ်နေရာမှာ မထင်မရှားတွေ့လိုက်ရပါတယ်။ ဒီနိုင်ငံမှာ Hierarchy ဆိုတဲ့ ရာထူးအလိုက်  အပေါ်အောက်တန်းစီတဲ့ စနစ်မျိုးကို အခုခေတ်မှာ သိပ်မတွေ့ရတော့ပါဘူး။ အင်္ဂလန်မှာ ကျောင်းအုပ်ကြီးကို အခုခေတ်မှာ Headmaster လို့လည်းမခေါ်တော့ပါဘူး။ ရှေးဟောင်းအသုံးအနှုန်းတစ်ခုအဖြစ် ကျန်ခဲ့ပါပြီ။ Headteacher လို့ပဲခေါ်ပါတယ်။

မနက် ၈ နာရီခွဲ ခေါင်းလောင်းထိုးကျောင်းမတက်မီ ၁၀ မိနစ်အလိုလောက်မှာ ကျောင်းအုပ်ကြီးဟာ မှတ်စုစာအုပ်လေးတစ်အုပ်ကိုင်ပြီး ဆရာဆရာမများနားနေခန်းကို ရောက်လာလေ့ရှိပါတယ်။ (ကျောင်းအုပ်ကြီးက ရှုရှုသမ္မတကြီး ပူတင်နဲ့ ရုပ်တော်တော်တူတယ်ရှင့်) အဲဒီနောက် ဆရာဆရာမတွေ တစ်ယောက်ချင်းစီပြောတဲ့ အကြောင်းအရာတွေကို မှတ်စုမှာမှတ်စရာရှိတာမှတ်၊ ဖြေရှင်းဆုံးဖြတ်ပေးစရာရှိတာ တထိုင်တည်းဆုံးဖြတ်ပေးပြီးရင် မနက်ခင်းတိုင်းလုပ်လေ့ရှိတဲ့ အစည်းအဝေးပြီးပါပြီ။ ဒီကျောင်းလေးမှာ ၇တန်းအခန်း၊  ၈ တန်းအခန်းဆိုပြီးမရှိပဲ ဘာသာရပ်အလိုက်သာ အခန်းသတ်မှတ်ထားပြီး ရန်ကုန်တက္ကသိုလ်မှာလို ကျောင်းသားတွေက ဘာသာရပ်ဆိုင်ရာဆရာရှိတဲ့အခန်းသွားတက်ရတာပါ။ ဒါကြောင့် ကျောင်းချိန်တစ်ချိန်နဲ့ တစ်ချိန်အကြား ၅ မိနစ်တာ အချိန်အတောအတွင်းမှာ ကော်ရစ်တာတွေတလျှောက် အခန်းပြောင်း နေကြတဲ့ ကျောင်းသားလေးတွေရဲ့

ဆူညံအော်ဟစ်နောက်ပြောင်သံတွေနဲ့ စည်ကားနေတတ်ပါတယ်။ စာသင်ချိန်တစ်ချိန်ပြီးတိုင်း သွေးပူလှုပ်ရှားမှုဖြစ်တာမို့ သူတို့အရပ် သူတို့ရာသီဥတုနှင့်တော့ ဒီစတိုင်လေးက အတော်ကို ကိုက်ပါတယ်။

မနက် ၈ နာရီခွဲ ကျောင်းစတက်ပြီး ၂ နာရီခွဲမှာဆင်းတဲ့ ကျောင်းချိန်အတွင်းမှာ စာသင်ချိန် ၆ ချိန်၊ ကျူတာချိန် ၁ ချိန်၊ မုန့်စားကျောင်းဆင်းချိန် ၂ ချိန်ရှိပါတယ်။ မုန့်စားကျောင်းဆင်းချိန် လို့မြန်မာမှုပြုလိုက်တာပါ- အပြင်မှာ မုန့်သည်တွေရောင်းလို့တော့မရှိပါဘူး။ စာသင်ချိန် ၂ ချိန်ပြီးတိုင်း မုန့်စားကျောင်းဆင်းချိန် ၁ ချိန်ရှိစီရှိပါတယ်။ စာသင်ချိန် ၆ ချိန်ဆိုတာကလည်း စာချည်းပဲ သင်နေရတာတော့ မဟုတ်ပါဘူး။ အဲဒီအချိန်တွေထဲမှာ ဂီတချိန်၊ အားကစားချိန်၊ အိမ်တွင်းမှုချိန်၊ သိပ္ပံချိန်၊ လက်မှုပညာအချိန်တွေပါဝင်နေတာပါ။

ကျွန်မကျောင်းကိုရောက်ရောက်ချင်း ပထမဆုံးနေ့မှာပဲ သင်္ချာဘာသာရပ်ခေါင်းဆောင်ဆရာမ ကာရိုလိုင်းဟာ ကျွန်မသိသင့်သိထိုက်တဲ့ အကြောင်းအရာတွေပြောပြပြီး ၈တန်းကျောင်းသားမော်နီတာလေး ချာလီကို ကျွန်မကို ကျောင်းတစ်ခုလုံးလှည့်ပြဖို့ တာဝန်ပေးလိုက်ပါတယ်။ သွက်လက်ချက်ချာပြီး ချစ်စရာကောင်းတဲ့ ချာလီဟာ ကျွန်မကို တကျောင်းလုံးလှည့်ပြရင်း အချက်အပြုတ်သင်တဲ့အခန်းရှေ့ရောက်တော့ သိပ်ကို စိတ်အားထက်သန်စွာနဲ့ သူဘယ်အစားအစာတွေချက်တတ်ပြီဖြစ်ကြောင်းအားပါးတရပြောပါတော့တယ်။ ဘယ်အစားအစာကို အကြိုက်ဆုံးလဲ မေးကြည့်တော့  အင်္ဂလိပ်အစားအစာကလွဲရင် ကျန်တာတွေအကုန်လုံး စိတ်ဝင်စားသတဲ့။ ပြီးတော့မှအခန်းတခန်းရှေ့ရောက်တော့ သူကအဲဒါ E & P (ethic and philosophy) (ကျင့်ဝတ် နှင့် ဒဿနိကဘာသာရပ်) သင်တဲ့ အခန်းပါတဲ့။ မှန်တံခါးကနေ ချောင်းကြည့်လိုက်တော့ ၉ တန်း ၁၀ တန်းအရွယ် ကျောင်းသားတွေကို တွေ့လိုက်ရပါတယ်။

ဒီနေရာမှာ ဒီကျောင်းနဲ့ပတ်သက်တဲ့ အချက်အလက်အချို့ကို ပြောပြချင်ပါတယ်။ ဒီကျောင်းဟာ အင်္ဂလိပ်တို့ရဲ့ အခေါ်အဝေါ်အရ Secondary School လို့ခေါ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် တချို့နိုင်ငံတွေမှာ High School လို့လည်းခေါ်ပါတယ်။ အသက် ၁၁ နှစ်က နေ ၁၈ နှစ် အကြား ၇ တန်း ကနေ ၁၁ တန်းအထိ (မြန်မာမှာဆို ၆ တန်းကနေ ၁၀ တန်းအထိလို့ပြောရပါမယ်။ သူတို့ရဲ့ Year 1 လို့ခေါ်တဲ့၁ တန်း က မြန်မာမှာ သူငယ်တန်းနဲ့ အတူတူမို့လို့ပါ) သင်ပေးတဲ့ကျောင်းပါ။ ကျောင်းမှာသင်ကြားပေးတဲ့သင်ရိုးညွှန်းတမ်းပါ ဘာသာရပ်တွေကတော့ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ သမိုင်း၊ပထဝီ၊ ကျင့်ဝတ် နှင့် ဒဿနိက၊ ပန်းချီပန်းပုနှင့် ဒီဇိုင်း၊ စီးပွားရေး၊ နိုင်ငံခြားဘာသာ (ပြင်သစ် သို့မဟုတ် စပိန်) အက၊ ပြဇာတ်၊ ဂီတ၊ ဆံပင်နှင့် အလှအပ၊ လူမှုဆက်ဆံရေး၊ မီဒီယာ၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ပါဖောမဲန့်အနုပညာ၊ အချက်အပြုတ် နှင့် ICT တို့ပါ။  ကျွန်မဟာ ကျင့်ဝတ် နှင့် ဒဿနိကဘာသာရပ်နဲ့ ပတ်သက်လို့ အထူးစိတ်ဝင်စားမိလို့ ကလေးတွေကို ဘာတွေသင်သလဲ လေ့လာကြည့်ရာမှာ ၇ တန်းမှာကတည်းက ဗြိတိသျှယဉ်ကျေးမှု ကျင့်ဂတ်စံနှန်းများ၊ ကွဲပြားသော ယဉ်ကျေးမှုယုံကြည်မှုများကို အခြေခံသင်ကြားပေးပြီး ၉ တန်း၁၀ တန်း တွေမှာတော့ မတူညီသော ယုံကြည်ကိုးကွယ်မှုဘာသာတရားဆိုင်ရာ အတွေးအခေါ်တွေကို သင်ပါတယ်တဲ့။

အဲဒီမှာ လက်ထောက်ဆရာမအဖြစ် ဘာတွေလုပ်ရသလဲဆိုတာ နည်းနည်းပြောပြမယ်နော်။ ကျွန်မက ၈ တန်း ၉ တန်း ၁၀ တန်း ၁၁တန်း သင်္ချာလက်ထောက်ဆရာမ လုပ်ရပါတယ်။ ကျောင်းသားကမများတာမို့ တစ်တန်းကို  ၁ ခန်းစီပဲရှိပါတယ် ။ သင်္ချာဆရာမက သင်္ချာပုစ္ဆာတစ်ခုကို သင်ပြတွက်ပြသွားပြီးလို့ ကျောင်းသားတွေကို လေ့ကျင်ခန်းပုစ္ဆာတွေ တွက်ခိုင်းလိုက်တဲ့အခါမှာ မတွက်တတ်၊ နားမလည်ဖြစ်နေတဲ့ ကလေးတွေရှိရင် သူတိုနားသွားပြီး ထပ်ပြီးရှင်းပြပေးတာတွေလုပ်ရတာပါ။ ကိုယ်ကျောင်းပြီးရင် ဆရာမလုပ်မယ်ရည်ရွယ်ထားလို့ လေ့ကျင့်ချင်တယ်ဆိုရင်လည်း အတန်းရှေ့ထွက်ပြီး စာပြချင်လည်းပြလို့ရပါတယ်။ အဲဒီအချိန်မှာ ဆရာမကြီးကတော့ ဘေးနားကထိုင်ကြည့်နေတာပေါ့လေ။ ကျွန်မသိပ်သဘောကျတာတစ်ခုက သင်္ချာပုစ္ဆာတစ်ခုကိုစမသင်ခင် ဒါကိုဘာကြောင့်သင်ရတယ်၊ ဘယ်နယ်ပယ်မှာ အသုံးချလို့ရတယ်ဆိုတာက ရှင်းပြပြီးမှ သင်ပါတယ်။ လေ့ကျင့်ခန်းပုစ္ဆာတွေ တွက်ပြီးသွားရင် ဆရာမက စာအုပ်ပေါ်မှာ မှင်နီနဲ့ အမှတ်မခြစ်ပါဘူး။ အဖြေမှန်ကို ပြောပြပါတယ်။

ဘယ်သူ့အဖြေမှန်ရသလဲ လက်ထောင်ခိုင်းပါတယ်။ ကလေးတွေဟာ သူတို့အဖြေမှားရင်မှားတဲ့အကြောင်း ရိုးသားစွာ ပြောကြတာကို တွေ့ရပါတယ်။ အဖြေမှားလည်း ကိစ္စမရှိဘူးလေ။ ဆရာမက နောက်တစ်ကြိမ်မှန်မှာပေ့ါလို့. အားပေးတတ်သလို အရင်ကအမြဲလိုလို အဖြေမှန်မရခဲ့တဲ့ကလေး အဖြေမှန်ရခဲ့ရင် တိုးတက်လာပြီဆိုပြီး ချီးမြှောက်အားပေးတာကို တွေ့ရပါတယ်။ ရိုးသားမှုကို ကျောင်းမှာ ဒီလို လေ့ကျင့်ပေးတာကို တွေ့.ရှိခဲ့ရပါတယ်။ အတန်းထဲမှာ ကျောင်းသားလေးတွေနဲ့ ရောထိုင်နေတဲ့ အသက်၄၀- ၅၀ အရွယ် လူကြီးတွေကိုလည်းတွေ့ရတတ်ပါတယ်။ သူတို့.တွေက learning assistant လို့.ခေါ်တဲ့ သင်ယူရေးအကူတွေပါ။ ကျောင်းသားတွေထဲမှာ စာမလိုက်နိုင်တဲ့ကလေးတွေကို သူတို့နဲ့အတူ စာအတူကူလုပ်ပေးနေသူတွေပါ။ တစ်တန်းမှာ တစ်ယောက်စ နှစ်ယောက်စ ရှိတတ်ပါတယ်။

ဒီကျောင်းမှာ ကျွန်မတွေ့ခဲ့ရတာက ကျောင်းသားတွေဟာ စာအုပ်တစ်အုပ်မှ ကျောင်းကို ယူလာစရာမလိုသလို ဘာစာအုပ်မှလည်း အိမ်ကိုပြန်သယ်မသွားရပါဘူး။ သင်္ချာပြဌာန်းစာအုပ်ထူထူကြီးတွေဟာ စာသင်ခန်းထဲက ဗီရိုကြီးထဲမှာပဲ ဘုံပိုင်အဖြစ်ရှိပြီး သင်ခန်းစာမစခင် ကျောင်းသားတွေတစ်ယောက်တစ်အုပ်ထုတ်ယူကြ၊ စာသင်ချိန်ပြီးရင်ပြန်ထားခဲ့ကြရပါတယ်။ နာမည်ထိုးထားတဲ့ ကိုယ်ပိုင်လေ့ကျင့်ခန်းစာအုပ်လေးတွေကိုလည်း ဒီလိုပဲ ဗီရိုကြီးထဲ ထားပစ်ခဲ့ကြရပါတယ်။ ကျောင်းချိန် ၆ ချိန်မှာ ၁ ချိန်ကို ကိုယ်ပိုင် study ချိန်အဖြစ် ပေးထားတဲ့အတွက် အဲဒီအချိန်မှာ ကျောင်းသားတွေဟာ study room ထဲသွားပြီး လေ့ကျင်.လိုတဲ့ ဒါမှမဟုတ် အားနည်းတဲ့သင်္ချာပုစ္ဆာတွေကို ထပ်မံလေ့ကျင့်ရပါတယ်။ အဲဒီမှာ ကွန်ပျူတာသင်ထောက်ကူတွေရော လူသင်ထောက်ကူ (learning assistant) တွေရော ရှိပါတယ်။ သင်္ချာနဲ့ပတ်သက်တဲ့ ဆော့ဝဲလ်တွေထည့်.ပေးထားတာမို့. ဂိမ်းကစားသလို အဆင့်ဆင့် လွယ်ရာကနေ တဖြည်းဖြည်းခက်လာတဲ့ ပုစ္ဆာတွက်နည်းတွေနဲ့ လေ့ကျင့်နိုင်ပါတယ်။ အင်္ဂလိပ်တို့ရဲ့ ပညာသင်ကြားနည်းစနစ်မှာ 'အလွတ်ကျက်မှတ်ခြင်း' ဆိုတဲ့ ဝေါဟာရမပါလေတော့ ကလေးတွေဘာစာမှလည်း ကျက်စရာမလိုဘူးလေ။

မနက်ခင်းစာသင်ချိန် ၂ ချိန်ပြီးလို့. နေ့လည်စာစားကျောင်းလွှတ်ချိန်မတိုင်မီမှာ မိနစ်၂၀ စာ ကျူတာချိန်ဆိုပြီးလည်းရှိပါသေးတယ်။ ကျူတာဆိုတာ ကျောင်းသားအုပ်စုတစ်စုအတွက် အနီးကပ်လမ်းညွှန်စောင့်ရှောက်ပေးမယ့် ဆရာတစ်ယောက်စီ တာဝန်ပေးထားတာပါ။ မြန်မာတို့.မွေးစားစကားလုံးကျူရှင်ဆိုတာ အဲဒါကယူထားတာပါ။ ကျောင်းသားတွေဟာ ကိုယ့်ကျူတာဆီမှာ ရင်းရင်းနှီးနှီးတိုင်ပင်ပြောဆို ဆွေးနွေးနိုင်၊အကြံဉာဏ်ယူနိုင်ပါတယ်။ ကျွန်မကြုံရတဲ့ကျူတာချိန်တွေမှာတော့ ဆရာက ဖဲထုပ်ကလေးတွေဝေပြီး ကစားဖို့.ပေးတာကိုလည်း တွေ့.ရပါတယ်။ သူတို့.ကိုကြည့်.ရတာ ဒါဟာ ငွေကြေးနဲ့ လောင်းကစားတာမဟုတ်တဲ့အတွက်  ကဒ်ကလေးတွေနဲ့ အပျင်းပြေကစားတဲ့ ဉာဏ်စမ်းကစားနည်းတစ်ခုကို ကျောင်းကအားလပ်ချိန်မှာ ကစားကြတာလို့.ပဲ ရိုးရိုးရှင်းရှင်းခံယူထားကြပုံပါ။

ဒီကျောင်းမှာ စီးပွားရေး ဘာသာရပ်ကို အတန်းငယ်လေးတွေမှာကတည်းက မိတ်ဆက်အနေနဲ့ စသင်တာကိုတွေ့.ခဲ့ရပါတယ်။ ကျွန်မဟာ တနေ့တာစာသင်ချိန် ၆ ချိန်မှာ ၃ -၄ ချိန်လောက်ပဲ အတန်းဝင်ရတာမို့. ကျန်တဲ့ အားနေတဲ့အချိန်တွေမှာ (စိတ်ဝင်စားတာလည်းပါတာမို့) ဆရာမကာရိုလိုင်းရဲ့ ခွင်.ပြုချက်နဲ့ အတန်းငယ်လေးတွေကိုလည်း အားတဲ့အချိန်တွေမှာ ဝင်ပြီးသွားကူပါတယ်။ အဲဒီအရွယ်လေးတွေက စပ်စပ်စုစုနဲ့ ချစ်စရာလည်းသိပ်ကောင်းတယ်လေ။ ဒီလိုနဲ့  ၇ တန်း (မြန်မာမှာ ၆ တန်း) မှာ စီးပွားရေးကို စသင်ပုံလေးကို ကြုံခဲ့ရပါတယ်။ ဆရာက သားတို့သမီးတို့.ရေ တို့.တွေဒီနေ့ စီးပွားရေးဘာသာရပ်ကို လေ့လာကြရအောင်။ လူတွေဘာကြောင့်. စီးပွားရေးလုပ်ကြသလဲ လို့. အရင်စမေးပါတယ်။ ကလေးလေးတွေ အတော်များများက ဘာဖြေသလဲဆိုတော့ Bill ပေးဖို့.လိုလို့ ပါတဲ့။ တချို့.ကလေးတွေက Tax (အခွန်) ဆောင်ဖို့.ပါတဲ့။ မေးတဲ့ဆရာရော ကျွန်မပါပြုံးမိသွားတယ်။ သူတို့.ကြီးပြင်းလာတဲ့ပတ်ဝန်းကျင်မှာ အိမ်၊ကား၊ ရေ၊ မီး ဆိုတာတွေက အဆင်သင့်ရှိနေပြီး အဲဒါတွေအတွက် သူတို့.မိဘတွေ လစဉ် ရေဖိုးမီးဖိုး၊ အိမ်ဖိုး Bill ဆောင်နေရတာ၊ အစိုးရကို Tax အခွန်ဆောင်နေရတာတွေကို မြင်နေရတော့ သူတို့.အတွေးလေးနဲ့ သူတို့.အဖြေက ဟုတ်နေတာပဲလေ။ အဲဒီတော့မှ ဆရာက ဟုတ်တာပေ့ါကလေးတို့ရဲ့။ Bill ပေးရတယ်

Tax ပေးရတယ်ဆိုတာ ပိုက်ဆံပေးရတာလေ။ အဲဒီတော့ ပိုက်ဆံရဖို့အတွက် စီးပွားရေးလုပ်ဖို့လိုတာပေါ့ ဟုတ်ဘူးလားလို့ သူလိုချင်တဲ့ ပွိုင့်ဆီ ဆွဲခေါ်သွားရပါတယ်။ ပြီးမှ ကလေးတစ်ယောက်ချင်းစီကို သားတို့သမီးတို့ ကြီးလာလို့ စီးပွားရေးလုပ်မယ်ဆို ဘာလုပ်မလဲလို့တစ်ဦးချင်းစီမေး၊ ပြီးတော့ ကိုယ်လုပ်ချင်တဲ့ စီးပွားရေးကို လူတွေသိအောင်ကြော်ငြာဖို့ ကြော်ငြာဆိုင်းဘုတ်ဆွဲခိုင်းပါတယ်။ ဒီမှာတင် ကလေးတွေရဲ့ဦးနှောက်ဟာ သူတို့လုပ်မယ့် စီးပွားရေးအတွက် နာမည်စဉ်းစားရတာ၊ ကုန်အမှတ်တံဆိပ်လိုဂို ဆွဲရတာ၊ ကြော်ငြာမယ့်စာသားရေးရတာ ရောင်းမယ့်ပစ္စည်းအမျိုးအစားတွေကို စာရင်းရေးရတာ၊ ပုံကလေးတွေဆွဲရတာနဲ့ အလုပ်တွေရှုပ်ကုန်တော့တာပါပဲ။ သူတို့ဦးနှောက်ကလေးတွေရဲ့ ဖန်တီးမှုစွမ်းကို အဲဒီလို ဖွင့်ပေးလိုက်တယ်လေ။

တစ်နေ့ ပြင်ပကပြဇာတ်တစ်ခု လာကတာကိုလည်းကြုံခဲ့ရပါတယ်။ ကျောင်းမှာသင်ကြားတဲ့ ဘာသာရပ်တွေထဲ ပြဇာတ်ဘာသာရပ်လည်းပါလေတော့ အဲဒီအတွက် သင်ထောက်ကူတစ်ရပ်အနေနဲ့လည်းပါမယ်ထင်ပါတယ်။ အဲဒီပြဇာတ်ရဲ့ theme (အဓိကဆိုလိုရင်း သို့မဟုတ် တင်ပြချင်တဲ့ အကြောင်းအအရာ) ဟာ အသားအရောင်လူတန်းစားမခွဲခြားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှန်း နားလည်လိုက်တော့ ဩော် သူတို့တိုင်းပြည်မှာ အဆင့်အတန်းခွဲခြားမှု၊ လူလူချင်းခွဲခြားမှုတွေလျော့နည်းပပျောက်အောင်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်၊ ထိမ်းသိမ်းတတ်အောင် ကလေးတွေကို ဒီလိုနည်းနဲ့ သင်ကြားပြသပါလားလို့ လည်းသိရှိလိုက်ရပါတယ်။

၈ တန်းအခန်းမှာ ကျွန်မအတွက် ထူးခြားတာတစ်ခုကိုလည်း ကြုံခဲ့ရပါသေးတယ်။ မိန်းကလေးတစ်ယောက် ပုံမှန်မဟုတ်တဲ့ပုံစံမျိုးလေးဝပြီး ဗိုက်ကလေးစူထွက်နေတာပါ။ သူကိုယ်ဝန်ရှိနေတာပါ။ သူကိုမြင်ပြီး ကျွန်မတွေးမိတာက ဒီမိန်းကလေးသာ မြန်မာပြည်မှာဆို အခုလို ကျောင်းတက်ခွင့်ရတော့မှာ မဟုတ်ပါဘူး။ ဒီလူ့အဖွဲ့အစည်းမှာတော့  သူဟာ ပညာသင်ကြားခွင့် မဆုံးရှုံးခဲ့ပါဘူး။ ရှေ့ဆက်ပြီး ကောလိပ်တွေ၊ တက္ကသိုလ်တွေ ဆက်တက်ရင်း ပုံမှန်ဘဝတစ်ခုကို (ဒါမှမဟုတ် ပညာထူးချွန်အောင်မြင်တဲ့ ဘဝတစ်ခုလည်းဖြစ်နိုင်ပါသေးတယ်) ကောင်းကောင်း တည်ဆောက်သွားနိုင်ပါတယ်။ သူဟာ မတော်မတရားပြုကျင့်ခံရ၍သော်လည်းကောင်း၊ငယ်ရွယ်စဉ်မှာ sex ကို မတော်တဆစမ်းသပ်ကြည့်မိပြီး လုံလောက်တဲ့ sex education မရခဲ့လို့ ကိုယ်ဝန်မရအောင် မကာကွယ်တတ်ခဲ့လို့ အရွယ်ရောက်တဲ့မိန်းကလေးသဘာဝအရ ကိုယ်ဝန်ရှိသွားတယ်လို့ပဲ အင်္ဂလိပ်တွေဟာ သဘာဝကျကျတွေးကြပုံပေါ်ပါတယ်။

ပို့စ်မောက်တက္ကသိုလ်မှာ ကျောင်းလာတတ်တဲ့ မြန်မာညီမလေးတစ်ယောက်လည်း ကျွန်မလိုပဲ လက်ထောက်ဆရာမအလုပ်ကို အခြားကျောင်းတစ်ခုမှာ လုပ်ဖြစ်ပါတယ်။ သူက ကျွန်မကို ဘာပြောသလဲဆိုတော့ အမရယ် စိတ်ထဲရှိတဲ့အတိုင်းသာ လုပ်လိုက်ရလို့ကတော့  သူတို့ကို တန်းစီပြီး ကြိမ်လုံးနဲ့ ဆော်ပလော်တီးပစ်ချင်တာပါပဲတဲ့။ ကျွန်မကိုယ်တိုင် ကလေးတွေနဲ့ ဆက်ဆံနေရတာဆိုတော့ သူဘာကိုဆိုလိုမှန်း ကောင်းကောင်းနားလည်ပါတယ်။ အင်္ဂလိပ်ကျောင်းသူကျောင်းသားလေးတွေကို မြန်မာကြည့် ကြည့်. မြန်မာတွေးတွေးလို့ကတော့ ကြိမ်လုံးနဲ့ အခါတစ်ရာဆော်ပလော်တီး၊ အကြိမ်တစ်ထောင် ခေါင်းခေါက်ပစ်ချင်စိတ်ပေါ်မှာအမှန်ပါပဲ။ ဒါကဘာကိုပြသလဲဆိုတော့ ကျွန်မတို့ရဲ့ ပညာသင်ကြားပုံခံယူချက်နဲ့ သူတို့ရဲ့ခံယူချက်ဟာ မိုးနဲ့မြေလို ကွာဟနေတယ်ဆိုတာကိုပါ။ ကျွန်မ မြန်မာနိုင်ငံမှာတုန်းက တက္ကသိုလ်မှာ ကျူတာအလုပ်ရတော့ ပိုစတင်ကျတဲ့ မော်လမြိုင်တက္ကသိုလ်မှာ ဆရာဆရာမအသစ်တွေကို ကြိုဆိုတဲ့ ပါချုပ်ကြီးရဲ့ ဩဝါဒမိန့်ခွန်းမှာ ဆရာဆရာမတို့ဟာ ဒီနေ့ကစပြီး အနန္တဂိုဏ်းဝင်တွေ ဖြစ်သွားကြပါပြီဆိုတဲ့ စကားကို ပြန်ကြားယောင်မိပါတယ်။ ကမ္ဘာကြီးရဲ့ တခြားတဖက်ခြမ်းက အင်္ဂလန်လို့ခေါ်တဲ့ နိုင်ငံငယ်လေးမှာတော့ teacher ဆိုတဲ့ ဆရာဆိုတာ မိမိရဲ့အသက်မွေးမှုအတွက် teaching ဆိုတဲ့ စာသင်ခြင်းအလုပ်ကို (လစာငွေယူ၍သော်လည်းကောင်း၊ အခကြေးငွေယူ၍သော်လည်းကောင်း)လုပ်သူလို့ပဲ သဘာဝကျကျ ခံယူထားပါတယ်။

ဒီကျောင်းကလေးမှာ ကျွန်မလိုပဲ လက်ထောက်ဆရာခေတ္တလာလုပ်တဲ့  ပို့စ်မောက် တက္ကသိုလ်က ဂျွန်လို့ခေါ်တဲ့ အင်္ဂလိပ်ကျာင်းသားတစ်ဦးလည်း ရှိပါတယ်။ သူကတော့ ကျောင်းပြီးရင် ဆရာလုပ်ဖို့စိတ်ကူးရှိသူပါ။ ဒီမှာ ဘွဲ့ရပြီးလို့

ဆရာလုပ်ချင်ရင် PCGE လို့ခေါ်တဲ့ ဆရာဖြစ်ဘွဲ့လွန်တစ်နှစ်ဆက်တက်ရပါတယ် ။ ကျောင်းဆင်းချိန်မှာ ပို့စ်မောက်ကို အတူပြန်ရတာမို့ အပြန်ကို ဘတ်စ်ကားအတူ စီးဖြစ်ကြပါတယ်။ ဘတ်စ်ကားစောင့်နေတဲ့အချိန်တွေမှာ သူနဲ့ကျွန်မ မှတ်တိုင်မှာ စကားပြောဖြစ်လေ့ရှိပါတယ်။ ကျွန်မရဲ့နိုင်ငံအကြောင်းသူစိတ်ဝင်တစားမေးတတ်တော့ ကိုယ့်နိုင်ငံအကြောင်းပြောရင်း တနေ့ကျွန်မသူ့ကို ပြောဖြစ်ခဲ့တယ်။ ဂျွန် သိလား ငါတို့နိုင်ငံမှာဆိုရင်လေ ဆရာအလုပ်ဆိုတာဆိုတာ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် ဘုရားနဲ့တတန်းတည်းထားပြီး အရိုအသေခံရတဲ့အလုပ်၊ အပူအဇော်ခံရတဲ့အလုပ် သိလားလို့ပြောတော့ သူမသိသေးတဲ့ ကမ္ဘာတစ်ဖက်ခြမ်းက ယဥ်ကျေးမှုတစ်ခုကို ဂျွန်တစ်ယောက် တအံ့တသြဖြစ်နေတာကို သတိထားလိုက်မိပါတယ်။

ဒီကျောင်းမှာ စာသင်နေချိန် ပြောမရဆိုမရ သောင်းကျန်းလွန်းတဲ့ ကလေးတွေကို ထိမ်းတဲ့နည်းကတော့ အခန်းအပြင် စင်္ကြန်လမ်းမှာ ၅ မိနစ် သို့မဟုတ် ၁၀ မိနစ် ထွက်ရပ်ခိုင်းထားတာပါ။ အချိန်စေ့ရင် ဆရာကပြန်ခေါ်ပါတယ်။ သူများတွေစာသင်ချိန်မှာ သင်ခွင့်မရပဲ အခုလို မိနစ်အနည်းငယ် ဖယ်ကျဥ်ခံရတာ သူတို့အတွက် ကြီးမားတဲ့ အပြစ်ဒဏ်ပါပဲ။ ၆ တန်း ၇ တန်းလေးတွေက အရမ်းဆော့လွန်းတဲ့ အရွယ်တွေမို့ စာသင်ချိန် သူများတွေကိုအနှောက်အယှက်ဖြစ်စေရင် ဒီလိုအပြစ်ပေးခံရတာကိုတွေ့ရပါတယ်။ ၉ တန်း ၁၀ တန်းတွေကတော့ ကျင့်ဝတ်တွေကောင်းကောင်းအသင်ခံထားရပြီမို့လားတော့ မသိပါဘူး၊ တည်ငြိမ်အေးဆေးတဲ့ လူရည်မွန်ကလေးတွေဖြစ်သွားကြပြီမို့ ဒီလိုအပြစ်ပေးခံရတာမျိုး မတွေ့ခဲ့ရပါဘူး။ အဲ သူတို့လေးတွေကျ ငြိမ်သလားမမေးနဲ့။ အတန်းထဲထိုင်ရင် ကိုယ့်အတွဲနဲ့ ကိုယ်။

ကျွန်မအဲဒီကျောင်းမှာ အလုပ်လုပ်ခဲ့ရတဲ့ ရက်တွေဟာ စိတ်ဝင်စားစရာ၊ စိတ်လှုပ်ရှားစရာတွေနဲ့ ပြည့်နှက်နေသလို ဖြူစင်အပြစ်ကင်းတဲ့၊ အလွန်တရာလည်း သောင်းကျန်းတဲ့၊ စပ်စုတဲ့ ကလေးလေးတွေနဲ့ ထိတွေ့ဆက်ဆံရတာမို့ ပျော်စရာကောင်းလှပါတယ်။ ကျွန်မအတွက် တန်ဖိုးဖြတ်လို့မရတဲ့၊ ပိုက်ဆံနဲ့ ပေးဝယ်လို့မရတဲ့ အတွေ့အကြုံကို ရရှိခဲ့တယ်လို့ ခံစားရပါတယ်။ သူတို့လေးတွေလည်း ကျွန်မဆီက ရလိုက်တာတွေရှိပါတယ်။ ကျွန်မကို အစပိုင်းမှာ နီဟောင် လို့ လာနှုတ်ဆက်ကြပေမယ့် တရုတ်မဟုတ်မှန်း ကျွန်မကပြန်ပြောလို့ သိသွားကြတဲ့အခါ Study အချိန်၊ ကျူတာချိန် တွေမှာ ကျွန်မလူမျိုးအကြောင်း စပ်စုရတာနဲ့၊ မြန်မာနိုင်ငံကို ကမ္ဘာ့မြေပုံကြီးမှာ ရှာကြည့်ရတာနဲ့ ၊ အင်တာနက်မှာ မြန်မာနိုင်ငံအကြောင်း Google ခေါက် ကြည့်ရတာနဲ့ အလုပ်တွေကိုရှုပ်လို့။ သူတို့နာမည်လေးတွေကို မြန်မာစာနဲ့ ဝိုင်းဝိုင်းလေး ရေးပေးတာကို သဘောတကျ တမြတ်တနိုး သိမ်းလို့။ တချို့ ၉ တန်း ၁၀ တန်း ကျောင်းသားတချို့ ကဆို တက္ကသိုလ်မှာ ကျွန်မတက်နေတဲ့ ဘာသာရပ်အကြောင်းမေးကြသလို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေ၊ ဗုဒ္ဓဘာသာစတာတွေကို စိတ်ဝင်တစားမေးကြတာတွေလည်းရှိပါတယ်။ တကယ်တော့ သူတို့လေးတွေ သင်ယူနေကြတာလေ။ အင်္ဂလိပ်အစိုးရလိုချင်တဲ့ ပွိုင့်ကလည်း ဒါပါပဲလေ။ နိုင်ငံခြားကကျောင်းလာတတ်တဲ့ ကျောင်းသားတစ်ယောက်ကို တစ်နေ့ ပေါင် ၄၀ ပေးပြီး သူတို့ရဲ့ မျိုးဆက်သစ်တွေကို ကမ္ဘာတစ်ဖက်ခြမ်းက လူ့အဖွဲ့အစည်းတစ်ခုအကြောင်း living museum အဖြစ် ပြသ သင်ယူခွင့်ပြုတာမဟုတ်ပါလား။

အဲ-ဒါတွေအပြင် သူတို့ဆရာတွေမသိလိုက်ခင်မှာ  ကျွန်မဆီက ပညာတစ်ခုလည်း သူတို့ တိတ်တိတ်ကလေး ရလိုက်တယ်ရှင့်။ ဆယ်ဂဏန်းနှစ်ခု ထက်ပိုရင် ဂဏန်းတွက်စက်မပါပဲ မပေါင်းတတ်၊ မနှုတ်တတ်၊ မမြှောက်တတ်၊ မစားတတ်တဲ့ သူတို့တွေကို  ( သူတို့တွေအားလုံးကို ဂဏန်းတွက်စက်ပေးထားတယ်လေ။ ) မြန်မာ့ရိုးရာ လက်ဆယ်ချောင်းထောင်၊ မနှုတ်လောက် ၁၀ ချေး၊ ၄ သုံးလီ ၁၂- ၂ ရေး ၁ လက်မှာကိုင် တွေ သင်ပစ်ခဲ့တယ်ကွယ်။ ထောင်ဂဏန်း ၂ ခုလောက်ကို ၁ မိနစ် လောက်အတွင်း စာရွက်ပေါ်မှာ ချမြှောက်အဖြေထွက်တာကိုများ ကမ္ဘာ့အံ့ဖွယ် ဉာဏ်ကြီးရှင် လို့ထင်မြင်အံ့သြနေကြတာ ဆိုတော့လည်း ကဲ ကလေးတို့ရေ ကိုယ်က ဒိုင်နမိုလည်း မဟုတ်ဘူး။ အိုင်စတိုင်းလည်းမဟုတ်ဘူး ဟောဒီလို ချတွက်လို့ရတယ်ကွဲ့ဆိုပြီး ဂဏန်းပေါင်းစက်မပါပဲ ပေါင်းလို့၊ နှုတ်လို့၊ မြှောက်လို့ စားလို့ရတဲ့ မြန်မာတို့ရဲ့ အခြေခံသင်္ချာတွက်နည်းလေးကို  ပေါင် ၄၀တန်ထဲမှာ အဆစ်ထည့်ပေးခဲ့ပါတယ်လေ။

စာဖတ်သူများအားလုံးကိုလေးစားလျက်

`

**မြသဥ္စလီနွယ်**

*ဒိုင်နမို- အင်္ဂလန်နိုင်ငံသား ကမ္ဘာကျော်လူငယ်မျက်လှည့်ပညာရှင်*

**၅.၀၄.၂၀၁၆ စောင့်ကြည့်ဂျာနယ်**